# လူငယ်လိဂ်ပြီးဆုံးရန် ငါးပွဲအလိုတွင် အမှတ်ပေးဇယားအား ရတနာပုံလူငယ်အသင်း ဆက်လက်ဦးဆောင်

သတင်းရင်းမြစ် > သောကြာ
သောကြာနေ့၊ အောက်တိုဘာလ ၂၅ ရက် ၂၀၁၃ ခုနှစ် ၁၂ နာရီ ၄၃ မိနစ်

ကျင်းပလျက်ရှိသည့် ၂၀၁၃ မြန်မာ နေရှင်နယ်လိဂ် လူငယ်ဘောလုံးပြိုင်ပွဲပြီးဆုံးရန် ငါးပွဲသာ ကျန်ရှိလျက်ရှိသည့် အချိန်တွင် အမှတ်ပေးဇယားအား ရတနာပုံလူငယ်အသင်းက ရမှတ် ၃၇ ဖြင့် ဆက်လက်ဦးဆောင် ထားသည်။

အမှတ်ပေးဇယား ဒုတိယနေရာတွင်မူ ရန်ကုန်လူငယ်အသင်းက ရမှတ် ၃၄ မှတ်ဖြင့် ရပ်တည်လျက်ရှိပြီး ရတနာပုံ အသင်းကို ဆက်လက်ဖိအားပေးနေဆဲဖြစ်သည်။ ပွဲစဉ် ၁၇ ပွဲကစားပြီးချိန်တွင် ဧရာဝတီ လူငယ် အသင်းသည် ၃ ပွဲနိုင်၊ ၄ ပွဲ သရေ ရမှတ် ၁၃ မှတ်ဖြင့် အမှတ်ပေး ဇယား အောက်ဆုံး၌ ရပ်တည်နေသည်။
ပွဲစဉ် ၁၈ ပွဲစဉ်များကို
အောက်တိုဘာ ၂၇၊ ၂၈ ရက် များတွင် ဆက်လက်ကစားမည်ဖြစ်ပြီး ဆောက်သမ်း အသင်းနှင့် ဇေယျာရွှေမြေ အသင်း၊ နေပြည်တော်အသင်းနှင့် ကမ္ဘောဇအသင်း၊ ဇွဲကပင်အသင်းနှင့် ရခိုင် ယူနိုက်တက် အသင်း၊ ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်း၊ ရန်ကုန်အသင်းနှင့် မနောမြေ အသင်း၊ မကွေးအသင်းနှင့် ဧရာဝတီအသင်းတို့ ဆက်လက် ကစားမည် ဖြစ်သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk')); Post by Mizzima - News in Burmese.